
စာစဉ်-၁
ငါသည်
အရိပ်
ဘာသာပြန်ဆိုသူ - ယမ်း (ယမကာ Team)

# အခန်း (၆၁)
# ဒဏ္ဍာရီအဆင့် လောဘလက်

*

အောက်ဘုံ ဝိညာဉ်နယ်မြေ။

အခြားသော ကစားသမားများက ပထမဆုံး သတ်ဖြတ်မှု ကြေညာချက်တစ်ခုတည်းကိုသာ ကြားလိုက်ရသော်လည်း ချင်ဖုန်းကမူ စနစ်၏ အသိပေးချက်များကို ဆက်တိုက်ဆိုသလို လက်ခံရရှိနေခဲ့လေသည်။

【သင်သည် 'အောက်ဘုံ ဝိညာဉ်၊ ဖေဆယ်လ်

(ပလက်တီနမ်အဆင့်)' ကို သတ်ဖြတ်လိုက်ပါသည်။】

【သင်သည် အတွေ့အကြုံအမှတ် ၄၈၀၀၀ ကို ရရှိပါသည်။】

【ဂုဏ်ယူပါသည်။ သင်သည် အဆင့် ၁၁ သို့ ရောက်ရှိသွားပါပြီ။】

【သင်၏ အခြေခံစွမ်းရည် လေးမျိုးစလုံး +၄ တိုးလာပါသည်။】

【သင်သည် လွတ်လပ်စွာ အသုံးပြုနိုင်သော စွမ်းရည်အမှတ် ၁၀ မှတ် ရရှိပါသည်။】

【ဂုဏ်ယူပါသည်။ သင်သည် ဆင့်ကဲပြောင်းလဲခြင်း အမှတ် ၂၀ ကို ရရှိပါသည်။】

【သင်သည် သက်တမ်း ၁၅၂၀ ရက် (လဲလှယ်၍ ရ) ကို ရရှိပါသည်။】

【သင်သည် ပလက်တီနမ်အဆင့် ဘောင်စ်ကို ကမ္ဘာပေါ်တွင် ပထမဆုံး သတ်ဖြတ်နိုင်ခဲ့ပါသည်။ ဆုကြေးအဖြစ် ဂုဏ်သတင်းအမှတ် ၁၀ မှတ် ရရှိပါသည်။】

【ဂုဏ်ယူပါသည်။ သင်သည် 'အောက်ဘုံဝိညာဉ်နယ်မြေ' ၏ ပိုင်ရှင် ဖြစ်လာပါပြီ…】

စနစ်၏ အသိပေးချက်များ ဆက်တိုက် ဝင်ရောက်လာမှုက ချင်ဖုန်းကို သက်ပြင်းချနိုင်သွားစေခဲ့၏။

တစ်နာရီခန့် အချိန်ယူပြီးနောက် နောက်ဆုံးတွင် သူ ပြီးမြောက်သွားခဲ့ပြီ ဖြစ်သည်။

ယခုမှစ၍ ချင်ဖုန်းအတွက် ဤနတ်ဘုရားစွန့်ပစ်တိုက်ကြီးပေါ်တွင် အခြေစိုက်စခန်းတစ်ခု ရှိလာတော့မည်ပင်။

ထို့ပြင်...

အရေးအကြီးဆုံးမှာ ၎င်း၏ 'ခိုလှုံရာစခန်း' ကို လက်တွေ့ကမ္ဘာဆီသို့ ထုတ်ယူနိုင်ခြင်းပင် ဖြစ်၏။

'အောက်ဘုံ ဝိညာဉ်နယ်မြေ' ၏ ပိုင်ရှင်တစ်ဦး အနေဖြင့် ချင်ဖုန်းက ၎င်းအောက်ဘုံ ဝိညာဉ်နယ်မြေကို လက်တွေ့ကမ္ဘာဆီသို့ ထုတ်ယူနိုင်ပြီး ၎င်း၏ မှော်ကာကွယ်ရေး အတားအဆီးကိုလည်း ဖွင့်လှစ်နိုင်ပေသည်။

ထိုကာကွယ်ရေး အတားအဆီး ရှိနေသရွေ့ လေယာဉ်များ သို့မဟုတ် တင့်ကားများကပင် 'အောက်ဘုံ ဝိညာဉ်နယ်မြေ' ကို ထိုးဖောက်နိုင်မည် မဟုတ်ချေ။

နျူကလီးယားဗုံးများအတွက် ဆိုရလျှင်မူ...

တခြားသူများ မသိကြသော်လည်း ချင်ဖုန်းက အလွန်ကောင်းစွာ သိထားပေသည်။

နတ်ဘုရားစွန့်ပစ်ဂိမ်းကြီး ဆင်းသက်လာချိန်၌ လက်တွေ့ကမ္ဘာရှိ အကြီးစား အစုလိုက်အပြုံလိုက် သေကြေပျက်စီးစေနိုင်သော လက်နက်ကြီးများမှာ ယိုယွင်းပျက်စီးလာခဲ့ပြီ ဖြစ်၏။

အထူးသဖြင့် အဖျက်စွမ်းအား အကြီးမားဆုံးသော နျူကလီးယားဗုံးများဆိုလျှင် ပထမဆုံးနေ့ကတည်းက အခြေခံအားဖြင့် အသုံးပြု၍ မရနိုင်တော့ချေ။

လေယာဉ်များနှင့် တင့်ကားများကမူ နောက်ထပ် တစ်လ သို့မဟုတ် နှစ်လခန့်သာ မနည်း ဆက်လက် အသုံးပြုနိုင်မည် ဖြစ်သည်။

သေချာသည်မှာ 'အောက်ဘုံ ဝိညာဉ်နယ်မြေ' ကို လက်တွေ့ကမ္ဘာဆီသို့ ထုတ်ယူရန်အတွက် လဲလှယ်၍ရသော သက်တမ်း အနှစ် ၁၃၀၀ ကျော် လိုအပ်မည် ဖြစ်၏။

သူ၏ အတိတ်ဘဝတွင်မူ ချင်ဖုန်းက ၎င်းကို ထုတ်ယူခဲ့ပြီး နတ်ဘုရားသတ်ဂိုဏ်း၏ လက်တွေ့ကမ္ဘာ အခြေစိုက်စခန်းအဖြစ် အသုံးပြု ခဲ့ပေသည်။

ချင်ဖုန်းက ရင်းနှီးကျွမ်းဝင်ပြီးသားဖြစ်သော 'အောက်ဘုံ ဝိညာဉ်နယ်မြေ' ကို သိပ်ပြီး အာရုံစိုက်မနေတော့ချေ။

ထိုအစား ဤတစ်ကြိမ်၌ သူ၏ ရရှိမှုများကို အ ရင်ဆုံး စစ်ဆေးလိုက်၏။

ပထမဆုံးအနေဖြင့် သူက အဆင့် ၁၁ သို့

ရောက်ရှိသွားခဲ့ပြီ ဖြစ်သည်။

"အဆင့် ၁၀ နောက်ပိုင်းမှာ အဆင့်တစ်ဆင့် တက်တိုင်း အခြေခံစွမ်းရည် အားလုံးအတွက် ၄ မှတ်စီနဲ့ လွတ်လပ်စွာ အသုံးပြုနိုင်တဲ့ စွမ်းရည် အမှတ် ၁၀ မှတ် ရရှိတယ်"

"အဲ့ဒါတွေကို လျင်မြန်မှုစွမ်းရည်ဆီပဲ ဆက်ထည့်ရမယ်"

ချင်ဖုန်းက အဆင့် ၂၀ ရောက်သည်အထိ လျင်မြန်မှုစွမ်းရည်ကိုသာ ဆက်တိုက် တင်သွားရန် စီစဉ်ထား၏။

အကန့်အသတ်မဲ့ ဆင့်ကဲပြောင်းလဲခြင်းစနစ် အောက်တွင် လူတစ်ယောက်၏ အမြန်နှုန်းနှင့် တုံ့ပြန်မှုကသာ လုံလောက်စွာ မြန်ဆန်နေမည်ဆိုပါက နတ်ဘုရားစွန့်ပစ်ဂိမ်းထဲရှိ ဘောစ်များ

စွာကို ထိခိုက်ဒဏ်ရာ မရရှိဘဲ အနိုင်ယူနိုင်ပေသည်။

ထို့ကြောင့် လျင်မြန်မှုစွမ်းရည်က အစောပိုင်းအဆင့်များတွင် ချင်ဖုန်းအတွက် အရေးအကြီးဆုံး စွမ်းရည်တစ်ခု ဖြစ်နေဆဲပင်။

"ရွှေအဆင့် ဘော့စ်တွေက ဆင့်ကဲပြောင်းလဲခြင်း အမှတ် ၇ မှတ်ပဲ ပေးတာ"

"ပလက်တီနမ်အဆင့် ဘော့စ်က အမှတ် ၂၀ တောင် တိုက်ရိုက် ပေးလိမ့်မယ်လို့ ငါ ထင်မထားခဲ့ဘူး"

"လောဘလက်နဲ့ ပေါင်းလိုက်မယ်ဆိုရင်..."

ချင်ဖုန်းက သူ၏ လက်ရှိ ဆင့်ကဲပြောင်းလဲခြင်းအမှတ်များကို ကြည့်လိုက်ရာ စုစုပေါင်း ၂၂၅ မှတ် ရှိနေခဲ့၏။

လောဘလက်ကို တစ်ကြိမ် ဆင့်ကဲပြောင်းလဲရန် လုံလောက်ပေသည်။

'အောက်ဘုံ ဝိညာဉ်' အပေါ်သို့ လောဘလက်ကို အသုံးမပြုမီ ချင်ဖုန်းက ဤစွမ်းရည်ကို အရင်ဆုံး တစ်ကြိမ် ဆင့်ကဲပြောင်းလဲလိုက်လေသည်။

【သင်သည် ဆင့်ကဲပြောင်းလဲခြင်း အမှတ် ၂၀၀ ကို အသုံးပြုလိုက်ပါသည်။ လက်ကျန် ၁၅ မှတ် ကျန်ရှိပါသည်။】

【လောဘလက် (မော်ကွန်းအဆင့် → ဒဏ္ဍာရီအဆင့်) -လုပ်ကြံသတ်ဖြတ်သူ စွမ်းရည်။ အပိုတိုက်ပွဲဝင်ပစ္စည်း ရရှိရန် ၃၀၀% → ၅၀၀% အခွင့်အရေး ရှိသည်။ ရရှိလာသော အပို တိုက်ပွဲဝင်ပစ္စည်းသည် အဆင့် ၁ ဆင့် မြင့်တက်သွားရန် ၁၀၀% အခွင့်အရေး ရှိသည်။】

【တက်ကြွမဲ့ အာနိသင် အသစ် - ပစ္စည်းများ သိမ်းဆည်းရန် အသုံးပြုနိုင်သော နေရာလွတ် ၁၀၀ ပါဝင်သည့် 'လောဘနေရာလွတ်' တစ်ခုကို သင် ရရှိပါသည်။】

ပြီးစီးသွားသော ဆင့်ကဲပြောင်းလဲခြင်း၏ အာနိသင်က ချင်ဖုန်း၏ မျက်လုံးများကို အရောင်လက်သွားစေ၏။

"အပို တိုက်ပွဲဝင်ပစ္စည်း ရနိုင်ခြေက သုံးခုက နေ ငါးခုအထိ တိုးလာတယ်"

"ပြီးတော့ နေရာလွတ် ၁၀၀ ပါတဲ့ သိုလှောင်ရုံ နေရာတစ်ခုပါ ပါလာသေးတယ်"

နောက်ဆုံးအချက်မှာ ချင်ဖုန်း လုံးဝ မျှော်လင့်မထားခဲ့သည့် အရာပင်။ ဤအာနိသင်က သူ၏ နောင်လာမည့် မိစ္ဆာရှင်းလင်းမှုများအတွက်

အများကြီး ပိုအဆင်ပြေသွားစေမည် ဖြစ်၏။

လောဘလက် အဆင့်တက်သွားပြီးနောက် ချင်ဖုန်းက 'အောက်ဘုံ ဝိညာဉ်' ၏ အလောင်းဆီသို့ ထိုစွမ်းရည်ကို အသုံးပြုလိုက်လေသည်။

ချက်ချင်းဆိုသလိုပင် ဘော့စ်၏ တစ်စစီဖြစ်နေသော လျှပ်စီးခန္ဓာကိုယ်ထံမှ အပိုတိုက်ပွဲဝင်ပစ္စည်းငါးခု ပေါက်ကွဲထွက်ပေါ်လာ၏။ အနိမ့်ဆုံးအဆင့်များမှာ ပလက်တီနမ်အဆင့်ဖြစ်ပြီး မြအဆင့် ပစ္စည်းအချို့ပါ ရောနှောပါဝင်နေပေသည်။

၎င်းတို့ထဲတွင် အဆင့် ၁၃ ၌ ဝတ်ဆင်နိုင်သော မြအဆင့် လုပ်ကြံသတ်ဖြတ်သူ သားရေချပ်ဝတ်တစ်ခုနှင့် အဆင့် ၁၅ ၌ ဝတ်ဆင်နိုင်သော မြအဆင့် လုပ်ကြံသတ်ဖြတ်သူ ဆွဲကြိုးတစ်ကုံးတို့

ပါဝင်၏။

ထို့အပြင် သင်ယူရန် အဆင့် ၁၄ လိုအပ်သော မြေအဆင့် လုပ်ကြံသတ်ဖြတ်သူ စွမ်းရည်စာအုပ် တစ်အုပ်လည်း ပါဝင်သေးသည်။

"လောလောဆယ်တော့ ငါဝတ်လို့ မရသေးတာမို့ အိမ်မှာပဲ သိမ်းထားလိုက်တော့မယ်"

ချင်ဖုန်းက ဤအဆင့် ၁၃ မှ ၁၅ အတွင်းရှိ ပစ္စည်းများကို ချက်ချင်း ကိုင်တွယ်ရန် အစီအစဉ် မရှိသေးဘဲ အချိန်အနည်းငယ် စောင့်ဆိုင်းဦးမည် ဖြစ်၏။

မည်သို့ပင်ဖြစ်စေ ယခုအခါ ဧက ၁,၂၀၀ ကျယ်ဝန်းသော 'အောက်ဘုံ ဝိညာဉ်နယ်မြေ' နန်းတော်ကြီးတစ်ခုလုံးက သူ့အပိုင် ဖြစ်နေပြီပင်။ သူက ပစ္စည်းများကို နန်းတော်ထဲရှိ မည်

သည့်နေရာ၌မဆို ခိုးယူခံရမည်၊ ပျောက်ဆုံးသွားမည်ကို ပူပန်စရာမလိုဘဲ ထားသိုနိုင်ပြီဖြစ်သည်။

"ကြည်ညိုသူတို့... နန်းတော်ထဲက တိုက်ပွဲဝင်ပစ္စည်းတွေအားလုံးကို ကောက်ယူပြီး တစ်နေရာတည်းမှာ စုပုံထားလိုက်ကြ"

ချင်ဖုန်းက နန်းတော်ထဲရှိ ဒြပ်စင်မိစ္ဆာများကို ရှင်းလင်းထားခဲ့လေရာ ပစ္စည်းများစွာ ကျကျန်ခဲ့၏။

ပစ္စည်းကိရိယာများဖြစ်စေ၊ စွမ်းရည်စာအုပ်များဖြစ်စေ သူက မကောက်ယူခဲ့သလို ကြည့်တောင် မကြည့်ခဲ့ချေ။

ယခုအချိန်က ထိုပစ္စည်းများ အားလုံးကို ဝင်ရောက်စီစဉ်ခိုင်းရန် 'ကြည်ညိုသူ' အတွက်

အကောင်းဆုံးအချိန်ပင်။

တစ်ချိန်တည်းမှာပင် ချင်ဖုန်း၌ သူ၏နောက်ထပ် ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်တစ်ခု ရှိနေခဲ့ပြီ ဖြစ်၏။

"တိုက်ကြီးပေါ်ကို ရောက်လာပြီးပြီဆိုတော့ ငါ့ရဲ့ ပထမဆုံး သွေးမျိုးဆက်စွမ်းအားကို ရဖို့ သွေးမျိုးနွယ်မိစ္ဆာတချို့ကို လိုက်ရှာလို့ ရပြီ..."

သွေးမျိုးဆက်စွမ်းအား။

ဤအရာက နတ်ဘုရားစွန့်ပစ်ဂိမ်းထဲရှိ ကစားသမားတစ်ဦး၏ စွမ်းအားအတွက် နောက်ထပ်အရေးကြီးသော အစိတ်အပိုင်းတစ်ခု ဖြစ်ပေသည်။

ဂိမ်းထဲတွင် အမျိုးအစားစုံလင်လှသော သွေးမျိုးနွယ်မိစ္ဆာများ ရှိသည်။ ကစားသမားများက

၎င်းတို့ကို သတ်ဖြတ်ပြီးနောက် မတူညီသော သွေးမျိုးဆက်စွမ်းအားများကို ရရှိနိုင်၏။

သွေးမျိုးဆက်စွမ်းအားတစ်ခုစီ၌ မတူညီသော အာနိသင်များ ရှိကြပေသည်။

"ဒီဘဝမှာ ငါ့အတွက် အသင့်တော်ဆုံး သွေးမျိုးဆက်စွမ်းအားကတော့... ဝိညာဉ်ဝါးမျိုသူပဲ ဖြစ်ရမယ်"

ဝိညာဉ်ဝါးမျိုသူ သွေးမျိုးဆက်။

ဤသွေးမျိုးဆက်စွမ်းအားကို ရရှိပြီးနောက် မိမိ၏ ကိုယ်ပိုင်စွမ်းရည်များအား ဝါးမျိုနိုင်သော စွမ်းအားကို ရရှိလာမည် ဖြစ်သည်။ ဝါးမျိုခံလိုက်ရသော စွမ်းရည်၏ အဆင့်က မြင့်မားလေလေ၊ သွေးမျိုးဆက်စွမ်းအားမှ ထောက်ပံ့ပေးသော စွမ်းရည်အချက်အလက်များနှင့် အာနိသင်များ

က ပို၍ အစွမ်းထက်လေလေပင်။

"ဒီဘဝမှာ ငါက စွမ်းရည်တွေကို အကန့်အသတ်မရှိ ဆင့်ကဲပြောင်းလဲနိုင်တယ်"

"အဆင့်နိမ့်စွမ်းရည်တွေနဲ့ အသုံးမဝင်တဲ့ စွမ်းရည် တော်တော်များများက ငါ့အတွက် လုံးဝ သုံးစားမရဘူး"

"ဒါပေမဲ့ အဲ့ဒါတွေကို မော်ကွန်းအဆင့်အထိ ဆင့်ကဲပြောင်းလဲလိုက်ပြီး ဝိညာဉ်ဝါးမျိုသူ သွေးမျိုးဆက်နဲ့ ဝါးမျိုပစ်လိုက်မယ်ဆိုရင် ငါ့ရဲ့ သွေးမျိုးဆက်အချက်အလက်တွေက အတော်လေး ကြောက်စရာကောင်းတဲ့ အဆင့်တစ်ခုအထိ ရောက်သွားလိမ့်မယ်"

နတ်ဘုရားစွန့်ပစ်ဂိမ်းထဲတွင် မော်ကွန်းအဆင့် စွမ်းရည်တိုင်းက အလွန်အမင်း တန်ဖိုးကြီးလှ

ကြောင်း သိထားရမည်ပင်။

သာမန်အခြေအနေများအောက်၌ မည်သူက ဝိညာဉ်ဝါးမျိုသူ သွေးမျိုးဆက်ကို အသုံးပြု၍ မော်ကွန်းအဆင့် စွမ်းရည်တစ်ခုကို ဝါးမျိုပစ်ရန် ဆန္ဒရှိပါမည်နည်း။

ဝါးမျိုခံလိုက်ရသော စွမ်းရည်များကို အသုံးပြု၍ မရနိုင်တော့သလို နောင်တွင်လည်း ပြန်လည်သင်ယူ၍ မရနိုင်တော့ချေ။

သို့သော် ဤဘဝတွင်မူ ချင်ဖုန်းအတွက် ကွာခြားနေခဲ့ပြီ ဖြစ်၏။

အမှိုက်စွမ်းရည်များစွာ သို့မဟုတ် လုပ်ဆောင်ချက်များ ထပ်နေသော စွမ်းရည်များ ကို မော်ကွန်းအဆင့်သို့ ဆင့်ကဲပြောင်းလဲလိုက် လျှင်ပင် မူလကတည်းက မော်ကွန်းအဆင့်ဖြစ်

နေသော စွမ်းရည်များထက် ညွှံ့ဖျင်းနေဆဲ ဖြစ်သည်။

လုပ်ကြံသတ်ဖြတ်သူစွမ်းရည် ထောင်ပေါင်း များစွာ ရှိ၏။

ချင်ဖုန်းအနေဖြင့် ၎င်းတို့ထဲမှ တက်ကြွသော တိုက်ခိုက်ရေးစွမ်းရည် အားလုံးကို အသုံးပြုနိုင်မည် မဟုတ်ချေ။

အသုံးအဝင်ဆုံး အရာများကိုသာ သိမ်းထားလျှင် လုံလောက်ပြီ ဖြစ်၏။

"ဝိညာဉ်ဝါးမျိုသူသွေးမျိုးဆက်ကို ရသွားတာနဲ့ ငါက စွမ်းရည်စာအုပ်တွေကို အမြောက်အမြား ဝယ်ယူပြီးတော့ ငါ့ကိုယ်ငါ အကြီးအကျယ် တိုးတက်အောင် နောက်တစ်ကြိမ် လုပ်လို့ရပြီ"

ချင်ဖုန်းက တွေးလိုက်သည်။

ဤအချိန်၌ သူ၏ သီးသန့်စကားပြောခန်းက လင်းလက်လာ၏။

စနိုးပိုက်မှ ပို့လိုက်ခြင်းပင်။ "ဂုရုကြီးရေ... ပလက်တီနမ်အဆင့်ဘောဇ့်ကို ပထမဆုံး သတ်ဖြတ်နိုင်ခဲ့တဲ့အတွက် ဂုဏ်ယူပါတယ်။ ကျွန်မဆီမှာ သတင်းကောင်းတစ်ခု ရှိသေးတယ်။ အရှေ့တိုင်းပညာရှိ မိုက်ဆာသွားလို့ နောက်ဆုံးတော့ လိုင်းအောက်သွားပြီတဲ့။ သူက သူ့မိသားစုဝင်အတော်များများနဲ့အတူ 'ကျန်းနန်စားသောက်ဆိုင်' မှာ ထမင်းစားနေတယ်လို့ သိထားတယ်။ သူ့မိသားစုက သက်တမ်းအများကြီး ဝယ်ယူထားပြီး ဂိမ်းထဲကို ယူလာပြီးတော့ တိုက်ခိုက်ရေးစွမ်းအားအဖြစ် ပြောင်းလဲဖို့ ပြင်ဆင်နေကြတယ်"

ထိုကောင်မလေးထံမှ အသံမက်ဆေ့ချ်က အင်မတန်ဆွဲဆောင်မှု ရှိနေဆဲပင်။

၎င်းကို ကြားသည့်တွင် နောက်ဆုံး၌ ချင်ဖုန်းက ပြုံးလိုက်လေသည်။

"မဆိုးဘူးပဲ"

"အရှေ့တိုင်းပညာရှိရဲ့ မိသားစုက သက်တမ်း အတော်များများ ယူလာခဲ့တယ်ပေါ့လေ"

"ဒီတစ်ခေါက် လက်တွေ့ကမ္ဘာဆီ ပြန်သွားတဲ့ အခါကျရင် ပန်းပွင့်ခြင်းကျိန်စာကိုပါ ငါ ထုတ်ယူလို့ရပြီ... အဲ့ဒီလူတွေဆီမှာရှိတဲ့ သက်တမ်းတစ်ရက်လေးတောင် အလဟဿ မ ဖြစ်စေရဘူး"

***